# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

April 24 , 2024 Volume 77, Number 13

၂၄.၄.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၂၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၄.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၃.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၁.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၆.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၈၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၀၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၃.၁၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၃၉.၆၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၈၁၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## ဆောင်းကြက်သွန်နီများပေါ်ချိန် ဈေးကောင်းရရှိ



မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ညောင်ရမ်းတိုက်နယ်အတွင်းရှိ ကျေးရွာများတွင် အမြိတ်ခြောက် ဆောင်းစိုက်ကြက်သွန်နီများ စတင်တူးဖော်နေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သာစည်မြို့နယ်၌ ဆောင်းကြက်သွန်နီ စိုက်ဧက (၁၈၁၅) ဧကစိုက်ပျိုးထားရှိပြီး၊ ဆောင်းကြက်သွန်နီများကို ဒီဇင်ဘာလ ပထမပတ်ခန့်တွင် စတင်စိုက်ပျိုးပြီး ယခုဧပြီလဆန်းပိုင်းတွင် စတင်ထွက်ရှိလျက်ရှိကြောင်း၊ ကြက်သွန်နီ တစ်ဧကစိုက်ပျိုးလျှင် မြေပြုပြင်ခ၊ ထွန်ယက်ခ၊ လုပ်သားခနှင့်သွင်းအားစုအပါအဝင် ကျပ်သိန်း(၄၀)ခန့်ကုန်ကျပြီး တစ်ဧကအထွက်နှုန်းမှာ ပျှမ်းမျှပိဿာချိန် (၄၀၀၀)ခန့် ထွက်ရှိကြောင်း၊ လက်ရှိတောင်သူများမှ ပွဲစားကုန်သည်များသို့ ကြက်သွန်နီ တစ်ပိဿာလျှင် (၁၅၀၀-၁၆၀၀) ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသဖြင့် ယခုနှစ်ဆောင်းကြက်သွန်နီအနေဖြင့် တောင်သူများ ထိုက်သင့်သော အကျိုးအမြတ်ရရှိကြောင်း ကြက်သွန်စိုက်တောင်သူများထံမှ သိရှိရပါသည်။

**Source: DOCA(မန္တလေး)**

https://www.doca.gov.mm/my/node/19294

## သုံးနှစ်အတွင်း သီလဝါအထူးစီးပွားဇုန်၌ ရင်းနှီးမြှုပ်နှံမှု ဒေါ်လာသန်း ၁၀၀ ကျော်တိုးလာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် သုံးနှစ်တာကာလအတွင်း သီလဝါအထူးစီးပွားဇုန်၌ ရင်းနှီးမြှုပ်နှံမှုပမာဏ ကန်ဒေါ်လာသန်း ၁၀၀ ကျော်တိုးတက်ခဲ့ကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီမှ သိရသည်။

သီလဝါ အထူးစီးပွားရေး ဇုန်အနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ ၆ ဒသမ ၂ သန်း ရင်းနှီးမြှုပ်နှံမှုတိုးလာပြီး ယခု ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်တွင် ထပ်တိုးရန် ပြင် ဆင်ထားသည့် Proposal များရှိကြောင်း သိရသည်။

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

ထို့ပြင် ပို့ကုန်တင်ပို့သည့်အပိုင်းတွင်လည်း ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်တွင် ပိုမိုတင်ပို့နိုင်သည့်ပမာဏရှိခဲ့ပြီး နိုင်ငံတော် ပို့ကုန် ပမာဏ၏ ၂ ရာခိုင်နှုန်းဝန်းကျင်ကို သီလဝါအထူးစီးပွားရေးဇုန်မှ ဆောင်ရွက်ထားနိုင်သည့် အခြေအနေတွင်ရှိကြောင်း သိရ သည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ ၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ်နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်သုံးနှစ်အတွင်း စုစုပေါင်းနိုင်ငံခြားရင်းနှီး မြှုပ်နှံမှုပမာဏ ဒေါ်လာ ၂ ဒသမ ၉၄၄ ဘီလီယံသာခွင့်ပြုနိုင်ခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ကြည့်ပါက ဝင်ရောက်မှု နည်းပါးခဲ့ကြောင်း သိရသည်။

သီလဝါအထူးစီးပွားရေးဇုန်အနေဖြင့် ၆၆၇ ဒသမ ၂၇၅ ဟက်တာကျယ်ဝန်းပြီး ဇုန်(A) နှင့် ဇုန်(B) ခွဲကာ Free Zone ၊ Sihf Promotion Zone သတ်မှတ်ထားပြီး နိုင်ငံပေါင်း (၂၁) နိုင်ငံမှ ကုမ္ပဏီပေါင်း (၁၁၄) ခုက ရင်းနှီးမြှုပ်နှံထားကြောင်းသိရသည်။

**Source:** https://www.popularmyanmar.com/?p=156422

## သကြားဈေး အတက်အကျပေါ်မူတည်ပြီး ကြံဈေးတိုးဝယ်နေ




စက်ရုံများမှ သကြားဈေး အတက်အကျပေါ်မူတည်ပြီး ကြံဈေးတိုးဝယ်နေကြောင်း ကြံစိုက်တောင်သူများထံမှ သိရသည်။

လက်ရှိ သကြားဈေးကောင်းသည့်အတွက် သကြားစက်ရုံများမှ ယခင်နှစ်များထက် ကြံဈေးနှုန်းများ တိုးမြှင့်ဝယ်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

ပြည်တွင်း၌ သကြားစက်ရုံအရောက်ဈေး သန့်ရှင်းလတ်ဆတ်သည့် ကြံတစ်တန်ကို တစ်သိန်းသုံးသောင်းခွဲမှ တစ်သိန်းငါးသောင်းကျပ်အထိ ဈေးကွက်ရှိကြောင်း သိရသည်။

လက်ရှိ တစ်သိန်းခွဲ ပတ်ဝန်းကျင်ထိသွားနေတယ်။ တောင်သူတွေအတွက် ဒီဈေးက တွက်ခြေကိုက်မှာပါ။ အကျိုးရှိပါတယ်။ သကြားဈေးပေါ်တွက်ချက်ပြီး စက်ရုံတွေကတိုးပေးရတာပေါ့”ဟု မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

၂၀၂၃-၂၀၂၄ ကြံကြိတ်ရာသီတွင် သကြားစက်ရုံတချို့မှ ကြံတစ်တန်ကို တစ်သိန်းနှစ်သောင်းအထိသာ အများဆုံးပေးဝယ်ယူမည်ဟု ကြော်ငြာခဲ့သော်လည်း သကြားဈေးကောင်းနေ၍ အချို့သကြားစက်ရုံများမှ ကြံဈေးအား တစ်သိန်းခွဲထိ တိုးပေးမည်ဟု ကြေငြာအသိပေးထားခဲ့ကြသည်။

ဂရိတ်ဝေါနယ်မြေဆိုရင် အခြေအနေမကောင်းလို့ ကြံခုတ်တွေ ခဏရပ်သွားတာတွေရှိတယ်၊ စစ်ကိုင်းတိုင်းဆို လုံးဝ အခြေအနေမကောင်းဘူး။ နောင်ချိုဘက်တော့ မဆိုးဘူးပြောရမယ်။ ညှိနှိုင်းပြီး လုပ်နေကြရတယ်။ အခက်အခဲ အမျိုးမျိုးထဲကမှ ကြံစိုက်တောင်သူတွေ အကျိုးရှိအောင်လဲ စက်ရုံတွေက လုပ်ကိုင်လုပ်ပေးနေရတယ်။ စက်မလည် ရင် တောင်သူတွေ ဝင်ငွေအခက်အခဲတွေရှိမယ်၊ သူတို့ စိုက်ထားတဲ့ ကြံတွေဆုံးရှုံးကုန်မယ်။ စက်လည်မှ နှစ်ဦးနှစ်ဖက် အကျိုး ရှိမယ်”ဟု သကြားလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ပြီးခဲ့သည့်နှစ်က အချို့ပြည်တွင်းသကြားစက်ရုံများမှ သကြားဈေးကောင်းခဲ့သည့်အတွက် စက်ရုံသို့ရောင်းချခဲ့သည့် တောင်သူများအား အမြတ်ငွေထပ်မံခွဲဝေပေးခြင်းများလည်းရှိခဲ့ကြောင်းသိရသည်။ ပြီးခဲ့သည့်နှစ်ထက် သကြားဈေးကောင်းခဲ့ သည့်အတွက် ပိုပြီးစိုက်ခဲ့သောကြောင့် ယခုနှစ် ကြံအထွက်နှုန်းမှာ ပြီးခဲ့နှစ်ထပ်ပိုများနိုင်ကြောင်း သုံးသပ်ကြသည်။

အရင်က စက်ရုံတွေက ကြံဈေးကို ကြိုမကြေငြာဘူး။ နောက်ပိုင်းမှာသာ ကြိုကြေငြာပေးကြတာ။ ကြိုအသိပေးတော့ ကြံစိုက်တောင်သူတွေအတွက် တိုးစိုက်သင့် မစိုက်သင့် တွက်ခြေကိုက်မကိုက် စဉ်းစားလို့ရတယ်။ သကြားစက်ရုံတွေအနေနဲ့ တောင်သူတွေဘက်က ကြည့်ပေးတဲ့အတွက် တောင်သူတွေအတွက် အဆင်ပြေတာပေါ့။ လက်ရှိ ဒီဘက်မှာ ကြံကလုတ်တဲ့ တစ်စီးချင်း ဆို ၁၄,၀၀၀ အများနဲ့ယူမယ်ဆို ၁၃,၅၀၀ ကျပ်ရှိတယ်”ဟု စစ်ကိုင်းတိုင်းဒေသကြီးမှ ကြံစိုက်တောင်သူ ကိုမင်းသူကပြောသည်။

လက်ရှိ ပြည်တွင်းစားသုံးရန်အတွက်ချန်ကာ ကျန်သကြားများကို ပြည်ပသို့တင်ပို့နေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှသိရသည်။ ပြည်တွင်း၌ တစ်နှစ်လျှင် ပျမ်းမျှသကြားတန်ချိန် လေးသိန်းခန့်ထွက်ရှိကြောင်း ကြံစိုက်တောင်သူများထံမှသိရသည်။

Source: (AMIA)

https://t.me/htwettoe

https://www.doca.gov.mm/my/node/19251

## အိန္ဒိယနှင့်ပါကစ္စတန်အကြား ဘာစမာတီဆန် မူပိုင်ခွင့် အငြင်းပွား



အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့သည် ဘာစမာတီဆန်မူပိုင်ခွင့်နှင့်ပတ်သက်၍ အငြင်းပွားလျက်ရှိကြသည်။ အိန္ဒိယစိုက်ပျိုးရေးသုတေသနသိပ္ပံ (Indian Agricultural Research Institute-IARI) က ပါကစ္စတန်နိုင်ငံအား အိန္ဒိယနိုင်ငံမှ မူပိုင်ခွင့်ပိုင်ဆိုင်ထားသည့် ဘာစမာတီဆန်စပါးများကို တရားမဝင် စိုက်ပျိုးနေကြောင်း စွပ်စွဲပြောဆိုခဲ့ပြီး ထိုသို့ပြောဆိုခြင်းမှာ အိန္ဒိယနိုင်ငံရှိ လယ်သမားများနှင့် ပို့ကုန်လုပ်ငန်းရှင်များ၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအဖွဲ့အစည်း၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အိန္ဒိယနိုင်ငံမှ သုတေသီများအနေဖြင့် နိုင်ငံတကာဈေးကွက်တွင် ဘာစမာတီဆန်များ ဈေးအမြင့်ရစေရန် ဘာစမာတီဆန်စပါး မျိုးကွဲများ အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်စေရေးနှင့် ပိုးမွှားများနှင့်ရောဂါအန္တရာယ်များကို ကြံ့ကြံ့ခံနိုင်စေရေးတို့အတွက် ကြိုးပမ်းလျက်ရှိကြကြောင်းနှင့်ပါကစ္စတန်နိုင်ငံသည် နိုင်ငံတကာဈေးကွက်တွင် ဘာစမာတီဆန်များကို နိမ့်ကျသောဈေးဖြင့် ရောင်းချနေခြင်းသည် အိန္ဒိယနိုင်ငံကဲ့သို့သော ပရီမီယံဘာစမာတီဆန် ရောင်းချနေသည့်နိုင်ငံ၏ နာမည်ဂုဏ်သတင်းကို ထိခိုက် နစ်နာစေကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ယခင်ကတည်းက ဥရောပဈေးကွက်မရှင်တွင် ဘာစမာတီဆန်နာမည်ဖြင့် သီးခြားအခွင့်အရေးရရှိရေးအတွက် ဆောင်ရွက်ခဲ့ပြီး ယခုအခါ အိန္ဒိယနှင့်ပါကစ္စတန်နှစ်နိုင်ငံအကြား နိုင်ငံတကာဆန်ဈေးကွက်တွင် ဒေါ်လာငွေတန်ဖိုးအရ ဈေးနှုန်းမြင့်မားစွာရရှိစေသည့် ဘာစမာတီဆန် ဝယ်လိုအားအတွက် ပြင်းထန်စွာယှဉ်ပြိုင်မှုမှတစ်ဆင့် နှစ်နိုင်ငံအကြားအငြင်းပွား လျက်ရှိနေသည်။

ဘာစမာတီဆန်ကို အီရန်၊ အီရတ်၊ ယီမင်၊ ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် အမေရိကန်နိုင်ငံတို့မှ အဓိကဝယ်ယူနေကြပြီး ထိပ်တန်းဆန်တင်ပို့သည့် အိန္ဒိယနိုင်ငံမှာ ကမ္ဘာ့ဈေးကွက်တွင် ၆၅ ရာခိုင်နှုန်း ဝေစုပါဝင်ကာ ကျန် ၃၅ ရာခိုင်နှုန်းကို ပါကစ္စတန်နိုင်ငံမှ ဝေစုရယူထားသည်။ ဘာစမာတီဆန်သည် အိန္ဒိယနိုင်ငံ၏ အဓိကဝင်ငွေကိုရှာဖွေပေး လျက်ရှိနေပြီး ဆန်စပါးထုတ်လုပ်မှုတိုးတက်လာမှုနှင့်အတူ ဈေးနှုန်းများမြင့်မားလာမှုကြောင့် ၂၀၂၃ ခုနှစ်တွင် ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံ စံချိန်တင်ရရှိခဲ့ကာ ၂၀၂၂ ခုနှစ်ထက် ၂၁ ရာခိုင်နှုန်းနီးပါး တိုးတက်လာခဲ့သည်။

သို့ရာတွင် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစတင်၍ အိန္ဒိယ၏ ဆန်တင်ပို့မှုမှာကျဆင်းလာခဲ့ပြီး ပင်လယ်နီတွင် သင်္ဘောတင်ပို့မှု အခက်အခဲများရှိခြင်း၊ သင်္ဘောသယ်ယူခစရိတ်များ မြင့်တက်လာခြင်းတို့နှင့်အတူ ဝယ်ယူသူများမှ အဝယ်နှောင့်နှေးမှုတို့ကြောင့် နောင်ကာလ၌ ဆန်တင်ပို့မှု ပိုမိုကျဆင်းလာနိုင်ဖွယ်ရှိပါသည်။ ကုန်သည်များ၏ ပြောကြားချက်အရ ၂၀၂၄ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံတွင် မိုးရွာသွန်းမှုလျော့နည်းနိုင်ခြေက ဆန်အထွက်နှုန်းအပေါ်ထိခိုက်မည်ဟု လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ဖေဖော်ဝါရီလ၌ သတိပေးပြောကြားခဲ့ကြောင်းနှင့် ၂၀၂၃ ခုနှစ်တွင် ဆန်တင်ပို့မှု ကန့်သတ်ခဲ့ခြင်းများကြောင့် ဆန်တင်ပို့မှုအပေါ် အရှိန်လျော့နည်းစေခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ဘာစမာတီဆန် မက်ထရစ်တန် ၄ ဒသမ ၉ သန်း တင်ပို့နိုင်ခဲ့သော်လည်း ယခုနှစ်တွင် ဆန်အထွက်နှုန်းလျော့နည်းမည်ဟု ခန့်မှန်းထားသည်။ ပါကစ္စတန်နိုင်ငံမှာမူ ၂၀၂၃ ခုနှစ်တွင် ဘာစမာတီဆန်တန်ချိန်

၅ သန်းတင်ပို့နိုင်ခဲ့သဖြင့် ယခင်နှစ်တင်ပို့ခဲ့သော ဆန်တန်ချိန် ၃ ဒသမ ၇ သန်းထက် ပိုမိုတိုးတက်တင်ပို့နိုင်ခဲ့ကြောင်း အစီရင်ခံစာများ၌ ဖော်ပြထားသည်။

All India Rice Exporters' Association မှ ယခင်ဥက္ကဋ္ဌဟောင်းဖြစ်သူ Vijay Setia က အသင်းအနေဖြင့် ပါကစ္စတန်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ဘာစမာတီ ဆန်စပါးစိုက်ပျိုးသူများကို ဥပဒေကြောင်းအရ တင်းကြပ်သောရေးယူဆောင်ရွက်မှုများပြုလုပ်သွားရန် တောင်းဆိုခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံမှ ဆန်တင်ပို့သူများသည် ယခင်နှစ်က ဆန်တစ်တန်လျှင် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်းကို အမေရိကန်ဒေါ်လာ ၉၅၀ သတ်မှတ်ခဲ့သော်လည်း ယခုနှစ်တွင် ဒေါ်လာ ၁၂၀၀ အထိ တိုးမြှင့်သတ်မှတ်လိုက်ခြင်းကြောင့် နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိကြောင်းနှင့် အိန္ဒိယနိုင်ငံမှ ဘာစမာတီဆန် ၈၀ ရာခိုင်နှုန်းကျော်ကို အဆိုပါအနိမ့်ဆုံးပို့ကုန်ဈေးနှုန်းထက် လျော့နည်းတင်ပို့ရောင်းချခဲ့သဖြင့် ပါကစ္စတန်နိုင်ငံမှ အကျိုးအမြတ်များစွာ ဖြစ်ထွန်းခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

ပါကစ္စတန်နိုင်ငံသည် ဘာစမာတီဆန်စိုက်ဧကကို သိသာစွာတိုးချဲ့စိုက်ပျိုးလျက်ရှိသဖြင့် ဆန်အထွက်ပမာဏ မြင့်တက်လာဖွယ်ရှိပြီး အိန္ဒိယနိုင်ငံ၏ ကမ္ဘာ့ဆန် ဈေးကွက်ဝေစုကို လွှမ်းမိုးလာနိုင်ဖွယ်ရှိသည်။ သို့ဖြစ်ရာ အချို့သော အိန္ဒိယကုန်သည်များက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် ပါကစ္စတန်နိုင်ငံ၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ချိုးဖောက်သောကိစ္စရပ်များကို အရေးယူဆောင်ရွက်နိုင်ရေးအတွက် တင်ပြသွားရန် တောင်းဆိုလျက်ရှိကြသည်။

ပါကစ္စတန် ကုန်သည်များဘက်ကမူ မည်သည့်ပြစ်မှုကိုမျှ ကျူးလွန်မှုမရှိကြောင်း ငြင်းဆိုလျက်ရှိကြသည်။ အစ္စလာမ်မာဘတ်မြို့အခြေစိုက် ဆန်စပါးလုပ်ငန်းရေးရာကျွမ်းကျင်သူ Hamid Malik က ပါကစ္စတန်နိုင်ငံ၌ စိုက်ပျိုးလျက်ရှိသော ဘာစမာတီဆန်မှာ အိန္ဒိယနိုင်ငံတွင်စိုက်ပျိုးသော ဘာစမာတီဆန်နှင့် ထပ်တူမကျပဲ ဥရောပနှင့်ဗြိတိန်နိုင်ငံတို့တွင် ရောင်းချရန် ခွင့်ပြုချက်ရရှိထားသည့် Kissan ဘာစမာတီဆန်အမျိုးအစားဖြစ်ကြောင်းနှင့် တူညီသောပင်ရင်းစပါးမျိုးမှ ဆင်းသက်လာသော်လည်း အဆင့်မြှင့်တင်ထားသော စပါးအမျိုးအစားဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံသည် ၂၀၁၈ ခုနှစ်၌ ဥရောပကော်မရှင်တွင် ဘာစမာတီဆန်ဝေါဟာရကို ပထဝီကုန်အညွှန်းအမှတ်အသားသီးခြားမူပိုင်ခွင့်ရရှိရေးအတွက် အိန္ဒိယနိုင်ငံ၏အရေးဆိုမှုကို ပြန်လည်ချေပပြောဆိုခဲ့သည်။ အိန္ဒိယနိုင်ငံအနေဖြင့် အခက်အခဲပြဿနာတစ်စုံတစ်ရာရှိပါက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် အရေးဆိုနိုင်ကြောင်း Malik က ပြောကြားခဲ့သည်။

**Source: Asia Nikkei, 8 April 2024**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/my/node/19253

## ရိုဘတ်စတာကော်ဖီ ဈေးကောင်းရရန် မျှော်လင့်လျက် အိန္ဒိယတောင်သူများ သိုလှောင်ထား



ကမ္ဘာ့ကော်ဖီဈေးကွက်တွင် ရိုဘတ်စတာကော်ဖီ၏ ဈေးနှုန်းများ မြင့်တက်လျက်ရှိပြီး ကော်ဖီစိုက်ပျိုးသည့် တောင်သူများက ၎င်းတို့၏ ထုတ်ကုန်များကို ရောင်းချခြင်းမပြုပဲ သိုလှောင်ထိန်းသိမ်းထားသဖြင့် အိန္ဒိယပြည်တွင်းဈေးကွက်၌ ကော်ဖီစေ့များ ဝယ်ယူရရှိရန် ခက်ခဲလျက် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် စာချုပ်များအတိုင်း ပြည့်မီစွာ တင်ပို့နိုင်ရေး ရုန်းကန်ဆောင်ရွက်နေရကြောင်း သိရှိရသည်။

အိန္ဒိယပြည်တွင်း၌ ကျယ်ပြန့်စွာ ထုတ်လုပ်ရောင်းဝယ်မှုရှိသည့် ပြုပြင်ခြင်းမပြုရသေးသော ခူးဆွတ်ပြီး ရိုဘတ်စတာချယ်ရီသီးများ၏ ဈေးနှုန်းသည် ၅၀ ကီလိုဂရမ်ဝင် ၁ အိတ်လျှင် ဧပြီလ ပထမရက်သတ္တပတ် အစောပိုင်းတွင် ရူပီးငွေ ၈၅၀၀ – ၈၉၅၀ နှုန်းထားရှိရာမှ ယခုအခါ ရူပီးငွေ ၉၂၀၀ – ၉၆၅၀ နှုန်းသို့ မြင့်တက်လာခဲ့သည်။ ယခုနှစ် ဇန်နဝါရီလ လဆန်းပိုင်း၌ ရိုဘတ်စတာချယ်ရီသီး၏ ဈေးနှုန်းသည် ၁ အိတ်လျှင် ၆၈၀၀ ရူပီးမှ ၆၉၅၀ ရူပီးအတွင်းသာရှိခဲ့သည်။ ပြုပြင်သန့်စင်ပြီး အခွံမာ (parchment) ပါရှိသည့် ရိုဘတ်စတာကော်ဖီစေ့၏ ဈေးနှုန်းများမှာမူ ၅၀ ကီလိုဂရမ်ဝင် ၁ အိတ်လျှင် ဇန်နဝါရီလဆန်းပိုင်း၌ ရူပီး ၁၀,၈၀၀ –

၁၁,၀၀၀ နှုန်းနှင့် ဧပြီလ ပထမပတ် အစောပိုင်းတွင် ရူပီး ၁၄,၀၀၀ – ၁၄,၅၀၀ နှုန်းရှိရာမှ ၄-၄-၂၀၂၄ နေ့၌ ရူပီး ၁၄,၈၀၀ – ၁၅,၅၀၀ နှုန်းထားသို့မြင့်တက်ခဲ့သည်။ အိန္ဒိယကော်ဖီပို့ကုန်လုပ်ငန်းရှင်များအသင်း၏ဥက္ကဋ္ဌ Ramesh Rajah က ဈေးကွက်အတွင်း ကော်ဖီစေ့ရရှိနိုင်မှုမှာ လွန်စွာနည်းပါးလျက်ရှိပြီး စာချုပ်များအတိုင်း ပြည့်မီအောင်တင်ပို့ရန် ကြိုးပမ်းလျက်ရှိသော ပို့ကုန်လုပ်ငန်းရှင်များအပေါ် ဖိအားများကြီးမားစွာသက်ရောက်လျက်ရှိကြောင်း၊ သို့ဖြစ်ရာ ကုန်အဝယ်အမှာစာများရရှိမှုမှာလည်း လျင်မြန်စွာလျော့ပါးလာပြီး ဝယ်လက်များအနေဖြင့် အခြားသော အရင်းအမြစ်ဒေသများသို့ ပြောင်းလဲရှာဖွေလာကြကြောင်းဖြင့် ပြောကြားခဲ့သည်။ ရိုဘတ်စတာကော်ဖီဈေးနှုန်းများမြင့်တက်လာမှုအရ ၂၀၂၄ ခုနှစ် မတ်လ၌ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွင်း အိန္ဒိယ၏ ကော်ဖီပို့ကုန်တန်ဖိုးသည် ဒေါ်လာ ၁ ဒသမ ၂၆ ဘီလီယံကျော်ရရှိပြီး စံချိန်သစ်တင်နိုင်ခဲ့သည်။ ကာနာတကာပြည်နယ်၊ Chikkamagaluru မြို့ အခြေစိုက် ကော်ဖီစေ့အခြောက်လှန်းသန့်စင်သည့်လုပ်ငန်းဖြစ်သော Sargod Curing Works မှ လုပ်ငန်းရှင် Pratheek Sargod က ရိုဘတ်စတာကော်ဖီစေ့ ပြတ်လပ်မှုအရ ပို့ကုန်ဝယ်လိုအား ဖြစ်ပေါ်လျက်ရှိကြောင်း၊ ကော်ဖီစေ့များရရှိနိုင်မှုမှာ အမှန်ပင်ကျပ်တည်းလျက်ရှိပြီး စိုက်ပျိုးသူများသည် ဈေးနှုန်းများကိုအခြေခံ၍ ရိုဘတ်စတာကော်ဖီများကို အနည်းငယ်မျှသာ ရောင်းချမှုရှိကြောင်း ပြောဆိုခဲ့သည်။ ထိပ်တန်းကော်ဖီထုတ်လုပ်သည့် နိုင်ငံဖြစ်သော ဗီယက်နမ်မှ ကော်ဖီရောင်းလိုအား ပြတ်လပ်မှုကြောင့် ကမ္ဘာ့ရိုဘတ်စတာကော်ဖီဈေးနှုန်းများ မြင့်တက်မှုနှင့် လိုက်ပါ၍ အိန္ဒိယကော်ဖီ ဈေးနှုန်းများသည်လည်း ပြောင်းလဲလျက်ရှိသည်။ ဗီယက်နမ်နိုင်ငံ၌ ရာသီဥတု ပူပြင်းခြောက်သွေ့ မှုနှင့် ကြုံတွေ့ရနိုင်သော စိုးရိမ်ဖွယ်အခြေအနေကလည်း ကော်ဖီဈေးနှုန်းများ မြင့်တက်လာစေသည့် အချက်အဖြစ်ပါဝင်လျက်ရှိသည်။

လက်ရှိကာလ၌ ရိုဘတ်စတာကော်ဖီဈေးကွက်၏ အခြေခံများမှာ အားကောင်းလျက်ရှိပြီး စိုက်ပျိုးထုတ်လုပ်သူများ အနေဖြင့် ကုန်စည်များကို ရောင်းချမှုမပြုပဲ ၎င်းတို့လက်ဝယ်၌ ကိုင်ဆောင်ထားခြင်းက ဈေးကွက်အတွင်း ကော်ဖီစေ့များ ရရှိလွယ်မှုအတွက် ပြဿနာတစ်ရပ်ဖြစ်ပေါ်လျက်ရှိကြောင်းဖြင့် ပို့ကုန်လုပ်ငန်းရှင်များနှင့် ကော်ဖီကုန်ချောထုတ်လုပ်သူများသို့ ကော်ဖီစေ့ပေးသွင်းခြင်း လုပ်ကိုင်သည့် Agrani Coffee and Commodities မှ Praveen Kumar Kolimarla က ပြောကြားခဲ့သည်။

**Source: The Hindu Business Line, 4 Apr 2024**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/my/node/19247

## ၂၀၂၄ ခုနှစ် ဒုတိယသုံးလပတ်၌ ဆန်ဈေးနှုန်းများမြင့်တက်မည်ဟု ထိုင်းကုန်သည်များခန့်မှန်း

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့် အိန္ဒိယ၏ဆန်တင်ပို့မှုကန့်သတ်ချက်များကြောင့် ၂၀၂၄ ခုနှစ် ဒုတိယသုံးလပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းများ မြင့်တက်လာမည်ဟု ဆန်တင်ပို့သူများအနေဖြင့် မျှော်လင့်ထားကြောင်း သိရသည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင် အိန္ဒိယအစိုးရသည် ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုကို တားမြစ်ခဲ့ပြီးနောက် ပြည်တွင်းဆန်ဈေးနှုန်းများ မြင့်တက်မှုနှင့် ရာသီဥတုအခြေအနေကြောင့် ဆန်ပြတ်လပ်မည်ကိုစိုးရိမ်သဖြင့် ဘာစမာတီနှင့်ပေါင်းဆန်များ တင်ပို့မှုအပေါ် ကန့်သတ်မှုများ ထပ်မံလုပ်ဆောင်ခဲ့သည်။ အဆိုပါကန့်သတ်မှုများ ချမှတ်ပြီးချိန်မှစ၍ ကမ္ဘာ့ဆန်ဈေးသည် ၁၅ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။

ထိုင်းနိုင်ငံ၏ ဆန်တင်ပို့သူများအနေဖြင့် အထူးသဖြင့် အရှေ့တောင်အာရှဈေးကွက်များဖြစ်သည့် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံများသာမက အာဖရိကနှင့်အရှေ့အလယ်ပိုင်းဒေသများသို့ ဆန်ဖြူအမြောက်အမြား တင်ပို့ရန် ကတိကဝတ်ပြုထားသောကြောင့် ၂၀၂၄ ခုနှစ် ပထမသုံးလပတ်တွင် ဆန်တန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့နိုင်ခဲ့ကြောင်း ထိုင်းဆန်တင်ပို့သူများအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Chookiat Ophaswongse ၏ ပြောကြားချက်အရ သိရသည်။

ကမ္ဘာ့ဆန်ဈေးနှုန်း စံချိန်တင်မြင့်မားနေချိန်၌ ကျဆင်းလာခဲ့သော ပြည်တွင်းရောင်းလိုအားကို ကုစားပေးရန်အတွက် အမေရိကန်နှင့်အာရှနိုင်ငံများရှိ ဆန်ဖြူနှင့်ဆန်မွှေး တင်သွင်းသူများ၏ ဝယ်လိုအားမှာ ခိုင်မာအားကောင်းလာမည်ဟု မျှော်လင့်ကြောင်း၊ ထိုင်းဆန်၏ ရောင်းလိုအားအနေဖြင့် လုံလောက်နေဆဲဖြစ်ပြီး ဘတ်ငွေသည် ဒေါ်လာနှင့်နှိုင်းယှဉ်ပါက တန်ဖိုးကျဆင်းနေသဖြင့် ထိုင်းဆန်ဈေးနှုန်းများမှာ အခြားဆန်များနှင့်ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အခြေအနေရှိကြောင်း၊

ယင်းအချက်က ဆန်တင်သွင်းသူများအား ထိုင်းဆန်ကိုရွေးချယ်လာစေကြောင်းဖြင့် Mr Chookiat က ဆက်လက်ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် မတ်လ ၂၇ ရက်နေ့၌ ဆန်စျေးနှုန်းများမှာ တစ်တန်လျှင် ထိုင်းဆန်ဖြူသည် ၆၀၁ အမေရိကန်ဒေါ်လာနှုန်းရှိပြီး ဗီယက်နမ်ဆန်သည် ၅၈၂ ဒေါ်လာမှ ၅၈၆ ဒေါ်လာအကြားနှင့် ပါကစ္စတန်ဆန်သည် ၆၀၅ ဒေါ်လာမှ ၆၀၉ ဒေါ်လာအကြား အသီးသီး ရှိနေကြောင်း သိရှိရသည်။ ပေါင်းဆန်စျေးနှုန်းများမှာ တစ်တန်လျှင် ထိုင်းပေါင်းဆန်သည် ၆၀၆ ဒေါ်လာ၊ အိန္ဒိယပေါင်းဆန် သည် ၅၅၁ ဒေါ်လာမှ ၅၅၅ ဒေါ်လာအထိနှင့် ပါကစ္စတန်ပေါင်းဆန်သည် ၆၁၈ ဒေါ်လာမှ ၆၂၂ ဒေါ်လာအထိ အသီးသီးရှိကြောင်း သိရသည်။

ဗီယက်နမ်၏ ကောက်ရိတ်သိမ်းရာသီသည် မတ်လတွင်စတင်ပြီး ပို့ကုန်များယှဉ်ပြိုင်၍ တင်ပို့မှုတိုးလာခြင်းကြောင့် ၂၀၂၄ ခုနှစ် ဒုတိယသုံးလပတ်၌ ထိုင်းဆန်ပို့ကုန်ပမာဏ အနည်းငယ်ကျဆင်းသွားနိုင်ကြောင်း၊ အိန္ဒိယနိုင်ငံ၏ ဆန်ဖြူတင်ပို့မှုအပေါ် တားမြစ်မှု တည်ရှိနေသည်နှင့်အမျှ ထိုင်းဆန်စျေးနှုန်းများသည် ယခုနှစ် ပထမနှစ်ဝက်တွင် အတန်အသင့်မြင့်မားနေမည်ကို ပြည်တွင်းဆန်တင်ပို့သူများအနေဖြင့် အပြုသဘောရှုမြင်သင့်ကြောင်း Mr Chookiat က ပြောကြားခဲ့သည်။

ယခုနှစ် ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် တန်ဖိုး ဘတ် ၁၈၀ ဘီလီယံနှင့် တန်ချိန် ၈ သန်း အထိ ရှိလာနိုင်ပြီး ယခင်လက ခန့်မှန်းထားသည့် ဆန်တင်ပို့မှု ခန့်မှန်းတန်ဖိုး ဘတ် ၁၅၀ ဘီလီယံနှင့် တန်ချိန် ၇ ဒသမ ၅ သန်းထက် ကျော်လွန်မည် ဖြစ်ကြောင်း၊ ယခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံသည် အစောပိုင်း၌ ခန့်မှန်းထားသည့် ဆန်တန်ချိန် ၂ သန်းကို ကျော်လွန်၍ တန်ချိန် ၃ ဒသမ ၆ သန်းအထိ ဆက်လက်တင်သွင်းမည်ဟု မျှော်မှန်းရကြောင်း Mr Chookiat၏ ပြောကြားချက်အရ သိရသည်။

အင်ဒိုနီးရှားသည် ဆန်တန်ချိန် ၂၀၀,၀၀၀ ဝယ်ယူရန် မကြာသေးမီက တင်ဒါခေါ်ယူခဲ့ရာ ထိုင်းနိုင်ငံအနေဖြင့် တန်ချိန် တစ်သိန်းအတွက် လေလံအောင်မြင်ခဲ့ကြောင်း၊ ၎င်း၏နောက်တွင် ပါကစ္စတန်နှင့်ဗီယက်နမ်တို့မှလည်း အသီးသီး လေလံအောင်မြင်ခဲ့ကြောင်း သိရသည်။

**Source: Bangkok Post, 8 April 2024**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာစျေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

## STOCK EXCHANGE (24.4.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd Apr. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,464 (Shares) | 20,741,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +200 | +2.27% | 8,800 | 9,000 | 8,800 | 229 | 2,026,200 | 33,109,694 | 297,987 |
| MTSH | 00002 | 2,850 | -50 | -1.72% | 2,850 | 2,900 | 2,850 | 4,731 | 13,486,100 | 38,929,150 | 110,948 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 2 | 16,000 | 10,400,986 | 83,208 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,450 | 1,500 | 1,450 | 3,356 | 4,871,200 | 29,664,613 | 44,497 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 0 | 0 | 12,823,224 | 35,264 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 29 | 48,900 | 19,977,223 | 33,961 |
| AMATA | 00007 | 4,600 | -100 | -2.13% | 4,600 | 4,600 | 4,600 | 19 | 87,400 | 10,497,598 | 48,289 |
| MAEX | 00008 | 2,050 | +0 | +0.00% | 2,100 | 2,100 | 2,050 | 98 | 205,400 | 23,804,946 | 48,800 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 23rd Apr. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 372.69 | +1.93 | +0.52% | 369.58 | 372.69 | 369.02 | 8,464 | 20,741,200 | 8 | 702,954 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 23rd Apr. 2024

| Trading Volume | Trading Value |
|---|---|
| 8,464 (Shares) | 20,741,200 (MMK) |

## Main Board

As of 1:00 pm, 23rd Apr. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,464 (Shares) | 20,741,200 (MMK) |

| MYANPIX | 372.69 ▲ 1.93 |
|---|---|
| Total Volume (shares) | 8,464 |
| Total Value (MMK) | 21 mil |
| Listed Company | 8 |
| Market Cap. (MMK) | 702,954 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 200 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,600 | ▼ 100 |
| MAEX | 00008 | 2,050 | ▲ 0 |